


# စည်းရုံးရေးလုပ်ငန်းစဥ် အကျဥ်းချုပ်

## ဘေးကင်းလုံခြုံစေသော စောင့်ရှောက်မှု - တာ့(ခ်)ခရိုင်တွင်ရှိသော ရွှေ့ပြောင်းကလေးများအတွက် ကျောင်းပြင်ပပညာရေး အခြေအနေအပေါ် ခြုံငုံသုံးသပ်ချက်

ဧပြီလ ၂၉ ရက်၊ ၂၀၂၂ တွင် ဘေးကင်းလုံခြုံစေသော စောင့်ရှောက်မှု သုတေသန webinar တစ်ခုကိုပြုလုပ်ခဲ့ပြီး ထိုင်းနိုင်ငံတွင်ရှိသော ပညာရေးအသိုင်းအဝိုင်း နယ်ပယ်အသီးသီးမှကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှကလေးသူငယ်များအား ပံ့ပိုးကူညီရာတွင် ကြိုးစားလုပ်ကိုင်ဆောင်ရွက်နေကြသော ရပ်ရွာအခြေပြုအဖွဲ့အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းနှစ်ဦးနှစ်ဖက်လုံးမှ ကိုယ်စားလှယ်များ၊ ထိုင်းနိုင်ငံ တာ့(ခ်)ခရိုက်တွင်ရှိသော ရွှေ့ပြောင်းကလေးသူငယ်များအတွက် မရှိမဖြစ်လိုအပ်သော ပညာရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျှက်ရှိသော ကျောင်းဆရာများနှင့် ကျောင်းအုပ်များ တက်ရောက်ခဲ့ကြပါသည်။ အောက်ပါအကြောင်းအရာများသည် အပြန်အလှန်ဆွေးနွေးခဲ့ကြသော အစည်းအဝေးများမှာ ရရှိလာသော အဓိကလုပ်ဆောင်ရမည်အချက်များ၊ အကြံဥာဏ်များနှင့် စည်းရုံးလှုံ့ဆော်ရေး စာတိုများဖြစ်ပါသည်။

## MLC ကျောင်းအုပ်များ၏ အသံများ

**နယ်စပ်ဒေသတွင်ရှိသောအခြေအနေများနှင့် အင်အားစုများပြောင်းလဲမှုကြောင့် ရွှေ့ပြောင်းကလေးများအတွက် ပညာရေးကိုလည်း ပြောင်းလဲရန်လိုအပ်ပါသည်။** ရွှေ့ပြောင်းကလေးများအား ဆက်လက်ပံ့ပိုးနိုင်ရန်အတွက် ကလေးများအားလုံး ပညာသင်ကြားနိုင်ရေးကို မထမဦးဆုံးသေချာအောင်ပြုလုပ်ရန် လိုအပ်ပါသည်။ ရေရှည်တွင် ပညာရေးကို အသိအမှတ်ပြုလက်ခံကြောင်း သေချာစေရန်တွက် ဖြေရှင်းချက်အသစ်များ လိုအပ်ပါသည်။ ဖြေရှင်းချက်များတွင် အောက်ပါတို့ ပါဝင်နိုင်ပါသည် -

- ရွှေ့ပြောင်းကလေးများအတွက် ပူးတွဲသင်ရိုးညွှန်းတမ်း
- Learn Big ပလက်ဖောင်း ပိုမိုတိုးတက်လာစေရေး
- ဆရာများနှင့် ကျောင်းသားများအတွက် အွန်လိုင်းသင်ကြားမှုနှင့် သင်ယူမှုစွမ်းရည်များ ပိုမိုတိုးတက်လာစေရေး
- ဘေးဖယ်ခံရသော ပညာသင်ယူသူများ ပိုမိုပါဝင်နိုင်သည့် အံဝင်ခွင်ကျရှိသော ဝင်ခွင့်စနစ်များကို စံမံခန့်ခွဲရန်အတွက် အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း
- လူငယ်များအတွက် အသက်မွေးဝမ်းကြောင်းသင်တန်း (TVET) အခွင့်အလမ်းများ တိုးမြှင့်ခြင်း
- ထိုင်းနှင့် အင်္ဂလိပ်ဘာသာစကား သင်ယူမှုကို အဓိကထားတိုးမြှင်ခြင်း
- ကပ်ရောဂါ၏ ကြီးမားကျယ်ပြန့်သော စီးပွားရေးအနှောက်အယှက်များကြောင့် ရွှေ့ပြောင်းမိသားစုများစွာသည် မဆိုစလောက်ရှိသော ပညာရေးစရိတ်ကိုပင် မတတ်နိုင်ကြပါ။ ရွှေ့ပြောင်းကျောင်းများ (MLC) ကို ဆက်လက်ဖွင့်လှစ်ထားနိုင်ရန် ပုဂ္ဂလိကကုမ္ပဏီများ၊ ရန်ပုံငွေလမ်းကြောင်းအသစ်များနှင့် ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ခြင်း
- GED နှင့် IGCSE အပြင် ရွှေ့ပြောင်းကလေးသူငယ်များအတွက် နိုင်ငံတကာအသိအမှတ်ပြု ရွေးချယ်စရာများကို စူးစမ်းရှာဖွေခြင်း

help without frontiers
Teacher FOCUS

**ကပ်ရောဂါကာလအတွင်းတွင် ရွှေ့ပြောင်းကလေးငယ် ၂၅၀၀ ကျော် ကျောင်းထွက်ခဲ့ပြီး ကလေးများနှင့် ၎င်းတို့၏မိဘများ ပြန်လည်စိတ်ပါဝင်စားလာစေရန်အတွက် ရည်ရွယ်ချက်ရှိသောကြိုးပမ်းဆောင်ရွက်မှု လိုအပ်ပါသည်။** ကလေးများ ကျောင်းပြန်အပ်ရေးနှင့် ကျောင်းဆက်တက်ရေးကို တွန်းအားပေးရန်အတွက် အောက်ပါတို့ လိုအပ်ပါသည် -

- ဆင်းရဲနွမ်းပါးသော မိသားစုများမှ ကလေးများအတွက် ကျောင်းလခများ ထောက်ပံ့ရန် ရန်ပုံငွေရှာဖွေခြင်း
- ရရှိနိုင်သော ပညာရေးလမ်းကြောင်းများကို ရွှေ့ပြောင်းမိဘများအား အသိပေးခြင်း။ ၎င်းတွင် ပညာရေး၏တန်ဖိုးအကြောင်းကို ရွယ်တူကလေးများနှင့် မျှဝေရန် စံနမူနာလူငယ်များအား ပံ့ပိုးကူညီခြင်းတို့ ပါဝင်နိုင်ပါသည်
- ပြီးပြည့်စုံသော ကျောင်းအာဟာရအစီအစဉ်ကို ဖော်ဆောင်ပေးခြင်း
- ဆရာများ၊ မိဘများနှင့် ကလေးများအတွက် လူမှုဆက်ဆံရေးဆိုင်ရာ ပံ့ပိုးကူညီမှုကို အားဖြည့်ပေးခြင်း
- အင်တာနက်မရှိသူများအတွက် လိုက်လျောညီထွေရှိသော သင်ယူမှုအခွင့်အလမ်းများရရှိနိုင်မှုကို တိုးမြှင့်ပေးခြင်း

## ပညာရေးအသိုင်းအဝိုင်းနှင့် လူထုအခြေပြု အဖွဲ့အစည်းများ၏ အမြင်များ

**ထိုင်းနိုင်ငံတွင်ရှိသော ရွှေ့ပြောင်းကလေးများအတွက် ပညာရေးပံပိုးကူညီမှုများတိုးမြှင့်ပေးရန် အခွင့်အလမ်းများစွာရှိပါသည်။** ကျောင်းပြင်ပ ပညာရေးနှင့် ထိုင်းအစိုးရကျောင်းနှင့် ရွှေ့ပြောင်းစာသင်ကျောင်းများသို့ တက်ရောက်ခွင့်များအပါအဝင် တည်ဆောက်ထားပြီးသော တိုးတက်မှုများအပေါ်အခြေခံ၍ ကျွန်ုပ်တို့ ဆက်လက်အကောင်အထည်ဖော်ရန်နှင့် မြှင့်တင်ပေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ဖြစ်ပေါ်လျက်ရှိသော အနှောင့်အယှက်များကြောင့် လိုက်လျောညီထွေမှုရှိပြီး အသိအမှတ်ပြုထားသော ရွေးချယ်မှုများ ပိုမိုလိုအပ်ပါသည်။ ရှေ့ဆက်ရန်အတွက် ဖြေရှင်းချက်များထဲတွင် အောက်ပါတို့ပါဝင်နိုင်ပါသည် -

- ထိုင်းပညာရေးလမ်းကြောင်းများ (ကျောင်းတွင်းနှင့် ကျောင်းပြင်ပပညာရေးနှစ်ခုလုံး) သည် အသိအမှတ်ပြုခြင်းခံရသောကြောင့် ရွှေ့ပြောင်းကလေးများကျောင်းတက်နိုင်ရန် ပံ့ပိုးကူညီပေးခြင်း။ ဘာသာစကား၊ စာရွက်စာတမ်း ရရှိနိုင်ခွင့်နှင့် ပညာရေးနှင့်သက်ဆိုင်သော ကုန်ကျစရိတ်များအပါအဝင် လက်ရှိဖြစ်ပေါ်လျက်ရှိသော အတားအဆီးများကို ကျော်ဖြတ်ရန်အတွက် ကြိုးပမ်းဆောင်ရွက်မှုများ လိုအပ်ပါမည်
- အွန်လိုင်းနှင့် မူပိုင်ခွင့်ကန့်သတ်ချက်မရှိသော သင်ယူမှုရွေးချယ်စရာများအား ပံ့ပိုးပေးခြင်းအပါအဝင် လိုက်လျောညီထွေမှုရှိသော ပညာရေးရွေးချယ်မှုများကို တိုးချဲ့ပေးခြင်း
- ရွှေ့ပြောင်းကလေးများ ကျောင်းပြောင်းခြင်း သို့မဟုတ် ကျောင်းထွက်ခြင်းကဲ့သို့သော အခြေအနေမျိုးတွင်၊ ကလေးများ ကျောင်းပြန်အပ်နိုင်ပြီး သူတို့ရပ်တန့်ခဲ့သည့်နေရာမှစ၍ ပညာဆက်လက်သင်ယူနိုင်ရန် ခရက်ဒစ်စနစ်လို့အပ်ခြင်း
- တစ်သက်တာသင်ယူမှုအတွက် တရားဝင်လက်မှတ်ရရှိထားသော အတွေ့အကြုံ သို့မဟုတ် ကျွမ်းကျင်မှုအခြေခံသင်ရိုးညွှန်းတမ်းကို အကောင်အထည်ဖော်ခြင်း။ ၎င်းတွင် အချိန်တိုသင်ယူမှုအထောက်အထားများ ပါဝင်နိုင်သည်
- ပိုမိုပါဝင်နိုင်သော သင်ယူနိုင်မှုအတွက် အမျိုးသမီးငယ်များအား အသက်မွေးဝမ်းကြောင်းသင်တန်းများ တက်ရောက်ခွင့်ကို တားမြစ်ထားသည့် ကျားမရေးရာအတားအဆီးများကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ဖြိုဖျက်ရန်လိုအပ်ခြင်း
- အစားထိုးပညာရေးလမ်းကြောင်းများနှင့်ပတ်သက်၍ မိဘများနားလည်ကြောင်း သေချာစေရန်အတွက် အသိပညာပေးခြင်းများ လိုအပ်ခြင်း။ အကယ်၍ ရရှိနိုင်သော ပညာရေးအတွက်ရွေးချယ်မှုများသည် အသက်ပြည့်သောကလေးများ သို့မဟုတ် ကျောင်းထွက်သွားသော ကလေးများအတွက် မသင့်လျော်ပါက၊ သူတို့အား အသက်မွေးဝမ်းကြောင်းနှင့် ကျောင်းပြင်ပပညာရေး ရွေးချယ်မှုများနှင့် ချိတ်ဆက်ပေးသင့်ပါသည်



## နိုင်ငံတကာအဖွဲ့အစည်းများ၏ အမြင်များ

**လူတန်းစားခွဲခြားခြင်းသည် လက်တွေ့ကမ္ဘာတွင် ဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများ ရရှိရေးအတွက် သက်ရောက်မှုများရှိပါသည်။** 'ရွှေ့ပြောင်းနေထိုင်သူ' သို့မဟုတ် 'ဒုက္ခသည်' ဟူသော လူတန်းစားခွဲခြားခြင်းသည် ဝေါဟာရနှင့်သာ သက်ဆိုက်သည်ဟု ထင်ရသော်လည်း၊ လိုအပ်နေသူများအတွက် ၎င်းတို့တွင် အမှန်တကယ် အကျိုးဆက်များရှိပါသည်။ နိုင်ငံတကာ အသိုင်းအဝိုင်းများအတွက် 'ရွှေ့ပြောင်းနေထိုင်သူ' ဟူသော ဝေါဟာရသည် အပြည်ပြည်ဆိုင်ရာ နယ်နမိတ်များဖြတ်ကျော်သူများက ၎င်းတို့၏ရွှေ့ပြောင်းနေထိုင်ရန်ဆုံးဖြတ်ချက်တွင် ရွေးချယ်စရာ အစိတ်အပိုင်းတစ်ခုရှိသည်ဟု ဆိုလိုပါသည်။ အခြေအနေများစွာတွင် ထိုကဲ့သို့မဟုတ်ဘဲ ရွှေ့ပြောင်းနေထိုင်သူများနှင့် ဒုက္ခသည် အသီးသီးအတွက် စီမံခန့်ခွဲမှုများနှင့် အခွင့်အလမ်းများကို ရှင်းရှင်းလင်းလင်းဖော်ပြရန် ပိုမိုခိုင်မာသော ထောက်ခံအားပေးမှု လိုအပ်ပါသည်။ တစ်ခြားသော အခြေအနေများတွင် နိုင်ငံတော်အဆင့် ဖွဲ့စည်းတည်ဆောက်ပုံများနှင့် နိုင်ငံယှဉ်ပါက ဒေသခံအစိုးရများသည် ဤအရေးပေါ်ပညာရေးစီမံခန့်ခွဲမှုများကို ဖြေရှင်းရာတွင် ပိုမိုထိရောက်မှုရှိပါသည်။ ရေရှည်ဖြေရှင်းချက်များပေါ်ထွက်လာအောင် ကြိုးစားလုပ်ဆောင်ရာတွင် ဒေသခံအာဏာပိုင်များနှင့် ပိုမိုခိုင်မာသော ချိတ်ဆက်မှုများရှိရန် လိုအပ်ပါသည်။

**ရွှေ့ပြောင်းပညာရေးကို အရေးပေါ်အခြေအနေကာလအတွက် ပညာရေး Education in Emergency (EiE) အခြေအနေတွင် ထည့်သွင်းစဉ်းစားသင့်ပါသည်။** ကြီးမားကျယ်ပြန့်သော မလုံခြုံမှု၊ အုပ်ချုပ်ရေးစီမံခန့်ခွဲမှုများ၊ ဆက်လက်ဖြစ်ပေါ်လျက်ရှိသော လူမှုရေး၊ စီးပွားရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်များ၊ ပဋိပက္ခ၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သက်ရောက်မှုများ (INEE, 2010) ကဲ့သို့သော EiE ၏ ထည့်သွင်းစဉ်းစားရမည့် စံသတ်မှတ်ချက်များစွာနှင့် ကိုက်ညီမှုရှိသည် ပတ်ဝန်းကျင်တွင် လည်ပတ်နေချိန်၊ အစိုးရစီမံခန့်ခွဲမှုမဟုတ်သော ပညာရေးစနစ်များသည် ကြီးမားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ရန်ပုံငွေ သို့မဟုတ် အခြားသော ကာလရှည်အကျပ်အတည်းများရရှိထားသည့် ထောက်ပံ့မှုမျိုးမပါဘဲ ရွှေ့ပြောင်းကလေးများ၏ ပညာရေးဆိုင်ရာအခွင့်အရေးကို ဆယ်စုနှစ်များစွာ အကာအကွယ်ပေးထားသည်။ အခြေခံလိုအပ်ချက်များ ပြည့်မီရန်၊ ကလေးများ ဘေးကင်းစေရန်နှင့် တတ်နိုင်သလောက် ကလေးများစွာပညာသင်ကြားခွင့် သေသေချာချာရရှိရန်အတွက် ကျွန်ုပ်တို့ ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသည်။ ထိုအခြေခံအုပ်မြစ် ခိုင်မာမှုမရှိမချင်း၊ ရွှေ့ပြောင်းကလေးအတွက် အန္တရာယ်ဆက်လက်ရှိနေပါမည်။ ပညာရေးတန်ဖိုးနှင့် ပတ်သက်၍ ရွှေ့ပြောင်းမိသားစုများအား အသိပညာပေးခြင်းသည် ဖြေရှင်းချက်၏ မရှိမဖြစ်လိုအပ်သောအစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ မသေချာမရေရာမှုများထဲတွင် ပညာရေးသည် ကလေးတွေကို ဆင်းရဲတွင်းက လွတ်မြောက်အောင် ကူညီပေးနိုင်သော တစ်ခုတည်းသော အရာဖြစ်ပါသည်။

**တိုင်းပြည်ကို ပြန်လည်တည်ဆောက်ရန်အတွက် ပညာရေးသည် အဓိက ကိုယ်စားလှယ်များထဲမှ တစ်ခုဖြစ်သည်။** ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်းသည် အနာဂတ်မျိုးဆက်သစ်များကို ဘေးကင်းလုံခြုံစေပြီး သူတို့အား လိုအပ်သော ဝေဖန်ပိုင်းခြားတွေးခေါ်နိုင်စွမ်းများကို မြှင့်တင်ပေးနိုင်ပါသည်။ COVID-19 ကပ်ရောဂါ နှင့် အာဏာသိမ်းမှု နှစ်ခုလုံးတွင် မတူညီသော အရေးကြီးကိစ္စရပ်များ ရှိပြီး၊ ဤပြဿနာအားလုံးကို တချိန်တည်း ဖြေရှင်းနိုင်မှုရှိမရှိကို မိမိကိုယ်ကို ပြန်မေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံမှ ကလေးသူငယ်များအတွက် ပညာရေးကို နိုင်ငံရေးအရ အသုံးချနေခြင်းသည် မြန်မာနိုင်ငံတွင် သန်းနှင့်ချီသော ကျောင်းသားများအား ကျောင်းထွက်စေခဲ့ရပြီး ထိုင်းနိုင်ငံတွင် ထောင်နှင့်ချီသော ကျောင်းသားများအား ကျောင်းထွက်စေခဲ့ပါသည်။ ကျွန်ုပ်တို့သည် ရှေ့ဆက်ရမည့်နည်းလမ်းများကို ဂရုတစိုက်စဉ်းစားရန်၊ ဒေသန္တရလူမှုအသိုင်းအဝိုင်းများ၏ အသံကို အနီးကပ်နားထောင်ရန်နှင့် ကလေးများ၏ အကျိုးစီးပွားကိုရှေးရှုပြီး အကောင်းဆုံးလုပ်ဆောင်ရန် လိုအပ်ပါသည်။

## ပညာရေးဆိုင်ရာအသိအမှတ်ပြုမှု

ပညာရေးပံ့ပိုးပေးသူများသည် မတူညီသောပညာရေးအာဏာပိုင်များနှင့် ချိန်ညှိခြင်း၏ အားသာချက်များနှင့် အားနည်းချက်များကို ချင့်ချိန်တွက်ဆကာ အသိအမှတ်ပြုခြင်းကြိုးတန်းပေါ်တွင် လျှောက်လှမ်းနေကြပါသည်။ ရရှိနိုင်သောရွေးချယ်မှုများထဲတွင် မြန်မာကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန (DAE)၊ မြန်မာပကညာရေးဦးစီးဌာန၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအစိုးရ (NUG) နှင့် တိုင်းရင်းသားပညာရေးဆိုင်ရာ ဦးစီးဌာန အသီးသီးတွင် ဂရုတစိုက်ထည့်သွင်းစဉ်းစားရမည့် အခွင့်အလမ်းကုန်ကျစရိတ်များရှိပါသည်။ သိသာရှင်းလင်းသောအရာမှာ ဤဆုံးဖြတ်ချက်များကို လူမှုအသိုင်းအဝိုင်းများနှင့် ဆွေးနွေးတိုင်ပင်ရမည်ဖြစ်ပါသည်။ ရွှေ့ပြောင်းကလေးများအတွက် စုပေါင်းအသံတစ်ခုကို တတ်နိုင်သမျှ လိုအပ်ပါသည်။

## ကျွန်ုပ်တို့ ဆက်လက်လုပ်ဆောင်မည့် နောက်ထပ်အဆင့်များ

**Help without Frontiers Thailand Foundation** နှင့် **TeacherFOCUS** သည် ရွှေ့ပြောင်းကလေးများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိသော ဖြေရှင်းချက်များကို ရှာဖွေရန် ကတိကဝတ်ပြုထားပြီး၊ ဤကဲ့သို့လုပ်ဆောင်ရန်အတွက် ကျွန်ုပ်တို့က သင့်အကူအညီ လိုအပ်ပါသည်။ နောက်ထပ်လာမည့်လများတွင် ကျွန်ုပ်တို့ရှာဖွေမည့် အကြံဉာဏ်အချို့ကို ဤနေတွင်ဖော်ပြထားပါသည်-

- ရရှိနိုင်သော ပညာရေးလမ်းကြောင်းများနှင့် ပညာရေးတန်ဖိုးများအကြောင်းနှင့် ပတ်သက်ပြီး ရွှေ့ပြောင်းမိဘများအကြား အသိပညာပေးရန်အတွက် ကျောင်းပြန်တက်ရေး ကမ်ပိန်းကို စတင်ခြင်း
- လိုက်လျောညီထွေရှိသော ပညာရေးလမ်းကြောင်းများနှင့်ပတ်သက်၍ နောက်ဆက်တွဲ ကွန်ဖရင့်တစ်ခုကို စီစဉ်ခြင်း
- ပူးပေါင်းဆောင်ရွက်မှုလမ်းကြောင်းသစ်များကို ရှာဖွေဖော်ထုတ်ရန် ဒေသန္တရပညာရေးဌာနများ၊ နည်းပညာကောလိပ်များနှင့် ဒေသန္တရအစိုးရများထံသို့ တင်ပြချက်များ ပေးပို့ခြင်း
- ထိုင်းကျောင်းပြင်ပ ပညာရေး (ကောစော်နော) ကို ပေါင်းကူးပေးရန်အတွက် MLC တွင် ထိုင်းဆရာများကို ပံ့ပိုးကူညီခြင်းဖြင့်
- ရွှေ့ပြောင်းကလေးငယ်များနှင့် လူငယ်များအတွက် ထိုင်းဘာသာဖြင့် လိုအပ်သော ပထမဆုံးသော လမ်းစဉ်တစ်ခုကို ဖော်ဆောင်ပေးမည့် ကျောင်းပြင်ပ ထိုင်းအကြိုပညာရေးလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပြုလွှာတင်သွင်းခြင်း
- အစိကအဆင့်များနှင့် အခွင့်အလမ်းများပါရှိသော ကျောင်းပြင်ပပညာရေးမြေပုံကို ပြုစုရေးဆွဲခြင်း
- ကျောင်းပြင်ပပညာရေးအတွက် ပညာသင်ဆုများ ပံ့ပိုးပေးခြင်း
- ရွှေ့ပြောင်းလူငယ်များအတွက် အသက်မွေးဝမ်းကြောင်းသင်တန်းများ တိုးချဲ့ပေးခြင်း
- ကျွန်ုပ်တို့၏လုပ်ငန်းအတွင်း EiE အကောင်းဆုံးအလေ့အထများကို ပေါင်းစပ်ခြင်းနှင့် ကျွန်ုပ်တို့၏လေ့လာသင်ယူမှုကို နိုင်ငံတကာ EiE လူမှုအသိုင်းအဝိုင်းနှင့် မျှဝေခြင်း

## ကျွန်ုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်ပါ။

ရွှေ့ပြောင်းကလေးငယ်များအားလုံး ဘေးကင်းပြီး အရည်အသွေးမြင့်ပညာရေးကို ရရှိနိုင်ရန်အတွက် ကျွန်ုပ်တို့၏ကြိုးပမ်းအားထုတ်မှုတွင် ကျွန်ုပ်တို့နှင့်ပူးပေါင်းပါဝင်ရန် အဖွဲ့အစည်းများနှင့် တစ်ဦးတစ်ယောက်ချင်းကို ကျွန်ုပ်တို့ရှာဖွေနေပါသည်။ အောက်ပါ ဆက်သွယ်ရန် အချက်အလက်ကို အသုံးပြု၍ ဆက်သွယ်ပါ -

**Help without Frontiers Thailand Foundation**

www.helpwithoutfrontiers.org

info@helpwithoutfrontiers.org

**TeacherFOCUS**

www.teacherfocusmyanmar.org

infoteacherfocus@gmail.com